# Burmese Democratic Futures Working Group – BDFWG

# University of Virginia

## ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ အနှစ်ချုပ်

## စက်တင်ဘာလအတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း မြန်မာနိုင်ငံအနှံ့အပြားတွင် စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၂၀၆ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် သံဃာ ၁ ပါး၊ ကလေး ၂၆ ဦး၊ အမျိုးသမီး ၁၈ ဦး ပါဝင်ပါသည်။

- ရခိုင်ပြည်နယ်တွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၄၈ ဦးသေဆုံးခဲ့ပါသည်။ မန္တလေးတိုင်းတွင် ၄၅ ဦး၊ စစ်ကိုင်းတိုင်းတွင် ၃၄ ဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၃၁ ဦး၊ တနင်္သာရီတိုင်းတွင် ၁၃ ဦး၊ မကွေးတိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၁၀ ဦးစီ၊ ကချင်ပြည်နယ်တွင် ၇ ဦး၊ ပဲခူးတိုင်းတွင် ၅ ဦး၊ ကရင်နီပြည်နယ်တွင် ၂ ဦးနှင့် ချင်းပြည်နယ်တွင် ၁ ဦးတို့ ဖြစ်ကြပါသည်။

### လေကြောင်းမှ တိုက်ခိုက်မှုများ

မြန်မာနိုင်ငံ အနှံ့အပြားတွင် စက်တင်ဘာလအတွင်း စစ်ကောင်စီတပ်မှ လေကြောင်း တိုက်ခိုက်မှု ၁၈၆ ကြိမ် ပြုလုပ်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းတွင် ၅၆ ကြိမ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၃၆ ကြိမ်၊ မန္တလေးတိုင်းတွင် ၂၃ ကြိမ်၊ ရခိုင်ပြည်နယ်တွင် ၂၂ ကြိမ်၊ ချင်းပြည်နယ်တွင် ၁၆ ကြိမ်၊ ကချင်ပြည်နယ်တွင် ၁၀ ကြိမ်၊ မကွေးတိုင်းတွင် ၈ ကြိမ်၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၆ ကြိမ်၊ ပဲခူးတိုင်းနှင့် ကရင်ပြည်နယ်တို့တွင် ၃ ကြိမ်စီ၊ ကရင်နီပြည်နယ်တွင် ၂ ကြိမ် နှင့် တနင်္သာရီတိုင်းတွင် ၁ ကြိမ်တို့ ဖြစ်ပါသည်။

**မီးရှို့ဖျက်ဆီးမှုများ**

မြန်မာနိုင်ငံအနှံ့အပြားရှိ ပြည်နယ်နှင့် တိုင်း ၆ ခုတွင် စက်တင်ဘာလအတွင်း စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၇၂၈ လုံး မီးလောင် ပျက်စီးခဲ့ပါသည်။

- စစ်ကိုင်းတိုင်းတွင် ၄၂၅ လုံး၊ ကချင်ပြည်နယ်တွင် ၂၁၀ လုံး၊ တနင်္သာရီတိုင်းတွင် ၄၅ လုံး၊ ချင်းပြည်နယ်တွင် ၂၃ လုံး၊ မန္တလေးတိုင်းတွင် ၁၅ လုံးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၁၀ လုံးတို့ ဖြစ်ပါသည်။

**စက်တင်ဘာလအတွင်း အရပ်သားပြည်သူ ဖမ်းဆီးခံရမှုများ**

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်းတွင် စစ်ကောင်စီသည် မြန်မာနိုင်ငံအနှံ့မှ အပြစ်မဲ့ပြည်သူပေါင်း ၄၈၇ ဦး ဖမ်းဆီးခဲ့သည်။

- တနင်္သာရီတိုင်းတွင် ၁၁၅ ဦး၊ မန္တလေးတိုင်းတွင် ၁၀၀ ဦး၊ ရခိုင်ပြည်နယ်တွင် ၈၆ ဦး၊ စစ်ကိုင်းတိုင်းတွင် ၄၆ ဦး၊ ကရင်နီပြည်နယ်တွင် ၄၁ ဦး၊ ဧရာဝတီတိုင်းတွင် ၃၆ ဦး၊ မကွေးတိုင်းတွင် ၃၄ ဦး၊ မွန်ပြည်နယ်တွင် ၂၀ ဦး၊ ပဲခူးတိုင်းတွင် ၆ ဦးနှင့် ချင်းပြည်နယ်တွင် ၃ ဦးတို့ ဖြစ်ကြပါသည်။

## စက်တင်ဘာလ အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်းတွင် ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း ၂၂၄ ကြိမ် ဖြစ်ပွားခဲ့ပြီး စစ်ကိုင်းတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံးဖြစ်ပြီး ၄၈ ကြိမ် ဖြစ်ပွားခဲ့သည်။ ကချင်ပြည်နယ်တွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၃၀ ကြိမ် ဖြစ်ပွားခဲ့သည်။ တနင်္သာရီတိုင်းတွင် ၂၆ ကြိမ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၂၄ ကြိမ်၊ မကွေးတိုင်းတွင် ၂၁ ကြိမ်၊ အာရက္ခတပ်တော်၏ မြို့သိမ်း၊ စခန်းသိမ်းတိုက်ပွဲ များ ဖော်ဆောင်လျက်ရှိသော ရခိုင်ပြည်နယ်တွင် တိုက်ပွဲပေါင်း ၁၉ ကြိမ် ဖြစ်ပွားခဲ့ပြီး၊ မန္တလေးတိုင်းတွင် ၁၃ ကြိမ်၊ မွန်ပြည်နယ်တွင် တိုက်ပွဲ ၁၀ ကြိမ်၊ ပဲခူးတိုင်းတွင် တိုက်ပွဲ ၉ ကြိမ်၊ ကရင်နီပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၇ ကြိမ်စီ၊ ချင်းပြည်နယ်တွင် ၆ ကြိမ်၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၃ ကြိမ်နှင့် ရှမ်းပြည် နယ်အရှေ့ပိုင်းတွင် ၁ ကြိမ်တို့ ဖြစ်ပါသည်။ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲဖြစ်ပွားခြင်း လုံးဝမရှိပါ။

စက်တင်ဘာလအတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၉၈၆ ဦး သေဆုံးခဲ့သည်။ စစ်ကောင်စီတပ်သား သေဆုံးမှု အများဆုံးမှာ ရခိုင်ပြည်နယ်ဖြစ်ပြီး စစ်ကောင်စီတပ်သား ၄၈၅ သေဆုံးခဲ့သည်။ စစ်ကိုင်းတိုင်းတွင် ၁၂၆ ဦး၊ ကချင်ပြည်နယ်တွင် ၉၀ ဦး၊ မကွေးတိုင်းတွင် ၇၃ ဦး၊ တနင်္သာရီတိုင်းတွင် ၇၀ ဦး၊ မန္တလေးတိုင်းတွင် ၄၂ ဦး၊ ပဲခူးတိုင်းတွင် ၃၁ ဦး၊ ကရင်နီပြည်နယ်တွင် ၃၀ ဦး၊ မွန်ပြည်နယ်တွင် ၂၆ ဦး၊ ကရင်ပြည်နယ်တွင် ၈ ဦး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် စစ်ကောင်စီတပ်သား ၅ ဦးသေဆုံးခဲ့ပါသည်။

စက်တင်ဘာလအတွင်းတွင် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့ဝင် ၂၄ ဦး ကျဆုံးခဲ့သည်။

## ၁၀၂၇ စစ်ဆင်ရေး အပိုင်း (၂)

### TNLA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နဲ့ မိုင် ၂၀ အကွာ တောင်ခမ်းရွာမှာရှိတဲ့ စစ်ကောင်စီတပ်ရဲ့ အမြောက်စခန်း ကွပ်ကဲမှုဌာနချုပ်ကို တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) နဲ့ ပူးပေါင်းအဖွဲ့က စက်တင်ဘာ ၄ ရက်မှာ သိမ်းယူလိုက်ပါသည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့အခြေစိုက် ခမရ (၅၀၃) တပ်ရင်းကို TNLA က စက်တင်ဘာ ၂၆ ရက်တွင် သိမ်းပိုက်နိုင်ခဲ့ပြီး ကျန်နေသည့် ခမရ (၅၀၄) နှင့် ခလရ (၂၃) တွင် တိုက်ပွဲဆက်လက် ဖြစ်ပွားနေသည်။

### AA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ဩဂုတ် ၇ ရက်မှ စတင်ပြီး သံတွဲမြို့နယ်အတွင်းမှ စစ်ကောင်စီ၏ လက်ကျန်စခန်းကြီးတစ်ခုဖြစ်သော ရေတပ် ပင်မရေငုပ်နှင့် ဆယ်ယူရေးတပ်စခန်း၊ ၎င်းပတ်ဝန်းကျင်မှ အဆင့်ဆင့်ခုခံကြသော စစ်တပ် စစ်ကြောင်းများကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ ပြီး စက်တင်ဘာ ၅ ရက်တွင် အပြီးသတ်သိမ်းပိုက် ရယူနိုင် ခဲ့သည်။

**KIA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး**

- စက်တင်ဘာ ၆ ရက်တွင် ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်၊ ပန်ဝါဒေသ လဂွေကျေးရွာအနီးရှိ စစ်တပ်လက်အောက်ခံ ပြည်သူ့ စစ်စခန်း ၁ ခုကို KIA က အပြီးသတ် တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။


- စစ်ကိုင်းတိုင်း၊ ပင်လည်ဘူးမြို့ရှိ စစ်ကောင်စီတပ် ကာကင်းစခန်းအချို့ကို ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ပူးပေါင်းတပ်က စက်တင်ဘာ ၆ ရက်တွင် သိမ်းပိုက်နိုင်ခဲ့သည်။ တိုက်ပွဲအတွင်း စစ်သုံ့ပန်း ၆၀ ကျော်နှင့် လက်နက် ၈၀ ကျော် သိမ်းဆည်းရမိခဲ့သည်။

- စက်တင်ဘာ ၁၁ ရက်တွင် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဆိုင်းတောင်ရဲစခန်းကို KIA နှင့် PDF ပူးပေါင်းတပ်များက တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။

- ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်ရှိ စစ်ကောင်စီ ပြည်သူ့စစ်စခန်း၊ ချီဖွေရဲစခန်း၊ ၄ မိုင်စုပေါင်းဂိတ်စခန်းနှင့် စစ်ကောင်စီ ဗျူဟာကုန်းတို့ကို ကချင်လွတ်လပ်ရေးတပ်မတော်(KIA)နှင့် (KPDF) ပူးပေါင်းတပ်က စက်တင်ဘာ ၂၈ ရက်တွင် သိမ်းပိုက်နိုင်ခဲ့သည်။

- စက်တင်ဘာ ၃၀ ရက်တွင် ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ ချီဖွေလမ်းပိုင်း၊ ရှင်ဂေါ်ရွာအနီးရှိ စစ်တပ်၏ ပင်စခန်းနှင့် ကာကင်းစခန်း ၂ ခုကို KIA ၊ KPDF ပူးပေါင်း တပ်များက အပြီးသတ် တိုက်ခိုက်သိမ်းပိုက်လိုက်သည်။

**ကိုးကား - The Irrawaddy, RFA, Ayeyarwaddy Times, D Day News, Khit Thit Media, Narinjara, Mizzima, Myanmar Now, DVB, BBC, MeKong News, Than Lwin Times, PVTV, Khonumthung Burmese, Myanmar Pressphoto Agency,**




| Data of Myanmar Conflict September 2024 Total | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **Air Strike** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Villages set on fire** | **Houses burned down** |
| **AYEYARWADY** | | | | | | | 36 | | |
| **BAGO** | 9 | 3 | 31 | | | 5 | 6 | | |
| **CHIN** | 6 | 16 | | | | 1 | 3 | | 23 |
| **KACHIN** | 30 | 10 | 90 | | | 7 | | | 210 |
| **KARENNI** | 7 | 2 | 30 | | | 2 | 41 | | |
| **KAYIN** | 7 | 3 | 8 | | | | | | |
| **MAGWAY** | 21 | 8 | 73 | 3 | 1 | 9 | 34 | | |
| **MANDALAY** | 13 | 23 | 42 | 7 | 5 | 40 | 100 | 1 | 15 |
| **MON** | 10 | | 26 | 1 | | | 20 | | |
| **RAKHINE** | 19 | 22 | 485 | 2 | 4 | 44 | 86 | | |
| **SAGAING** | 48 | 56 | 126 | 11 | 2 | 32 | 46 | 18 | 425 |
| **SHAN (E)** | 1 | | 5 | | | | | | |
| **SHAN (N)** | 24 | 36 | | | 7 | 24 | | | |
| **SHAN (S)** | 3 | 6 | | | 7 | 3 | | | 10 |
| **TANINTHARYI** | 26 | 1 | 70 | | | 13 | 115 | 1 | 45 |
| **TOTAL** | **224** | **186** | **986** | **24** | **26** | **180** | **487** | **20** | **728** |

Map of Myanmar Conflict ( September 2024, Total )

